# “ကျော်ကြီးနှင့်ညီများ” နိဗ္ဗာန်ကုန်လုပ်ငန်းမှ ဘုံ(၉)ဆင့်ထီးတော်ပြုလုပ်ပုံ အဆင့်ဆင့်အား လေ့လာတင်ပြခြင်း

ပြည့်ဖြိုးမွန်[၁]

## စာတမ်းအကျဉ်း

“ကျော်ကြီးနှင့်ညီများ” နိဗ္ဗာန်ကုန်လုပ်ငန်းသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပန်းဘဲတန်းရပ်ကွက်တွင် တည်ရှိပါသည်။ နိဗ္ဗာန်ကုန်လုပ်ငန်းကို ပန်းဘဲတန်းရပ်ကွက်တွင် အိမ်ခြေ(၁၀)ခန့် လုပ်ကိုင်လျက်ရှိပါသည်။ နိဗ္ဗာန်ကုန်လုပ်ငန်းသည် လက်မှုပညာလုပ်ငန်း တစ်ရပ်ဖြစ်သောကြောင့် ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်း လေ့လာသင်ယူ၍ လုပ်ကိုင်ခဲ့သော မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်ပါသည်။ ဘုံ(၇)ဆင့် (ရွှေတိဂုံထီး)၊ ဘုံ(၉)ဆင့်(မကိုဋ်ထီး)၊ ဘုံ(၁၁)ဆင့်(ခြေခွင်ထီး)၊ ကုသိုလ်ရှင် (အလှူရှင်)များနှင့်ကုန်သည်များ မှာယူသော ထီးတော်ပုံစံအမျိုးမျိုးကို ပြုလုပ်ပေးလျက်ရှိပါသည်။ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်သောကြောင့် အနည်းဆုံးလူဦးရေ(၄)ဦး (သို့မဟုတ်) (၅)ဦးဖြင့် လုပ်ကိုင်နိုင်ပါသည်။ အဓိက ကုန်ကြမ်းပစ္စည်းမှာ စတီးပြားဖြစ်ပါသည်။ ၎င်းစတီးပြားများကို မန္တလေးမြို့နယ်ရှိ စတီးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ စတီးပြားပေါ်တွင် လိုအပ်သည့် ပုံများဖြစ်သော သူကြီး၊ မုခ်၊ မှန်ကင်း၊ ပန်း၊ ဘီလား၊ ဖောင်းကြိုး၊ ကြာဖတ်၊ ဖလား၊ ဟသ်ာ၊ ငှက်မြတ်နား၊ စိန်ပန်းခိုင်၊ နယား၊ ညောင်ရွက်နှင့် စိန်ဖူးကလပ်ပုံများအား ရေးဆွဲပြီး ဘုံ(၉)ဆင့်(မကိုဋ်)ထီးအား အဆင့်ဆင့်ပြုလုပ်ကြပါသည်။ ထီးတော်များအား မဟာမြတ်မုနိဘုရားကြီးရှိ နိဗ္ဗာန်ကုန်အရောင်းဆိုင်များသို့ ပေးပို့လျက်ရှိပါသည်။ ထီးတော်အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိပါသည်။

သော့ချက်။ ။ထီးတော်၊ ထီးကိရိယာများ၊ စိန်ဖူးတော်၊ ဘုံ(၉)ဆင့်(မကိုဋ်)ထီး။

## ၁ နိဒါန်း

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူဦးရေတိုးတက်များပြားလာမှုအပေါ် မူတည်၍ မိမိတို့၏ ဘဝရှင်သန်မြင့်မားရန်၊ ဝမ်းရေးအတွက် ဖူလုံမှုရှိစေရန် လုပ်ငန်းပေါင်းစုံကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေသည်လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်မပျက် တိုးတက်များပြားလျက်ရှိရာ တိုးတက်လျက်ရှိသော လူဦးရေအလိုက် စီးပွားရေးလုပ်ငန်းများကို အကျယ်တဝင့် လုပ်ကိုင်လာကြပါသည်။ စီးပွားရေးလုပ်ငန်းများကို အကျယ်တဝင့် လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးသည် အခြားနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်မည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်လာခြင်းသည် အမိမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူတစ်ခုဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အလယ်တွင် ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများစွာရှိသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ လူဦးရေအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ဘာသာရေးနှင့် သာသနာရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြပါသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် မြတ်ဗုဒ္ဓ၏ အဆုံးအမဩဝါဒ လိုက်နာကျင့်သုံးကြသူများ ဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓကိုယ်စား စေတီတော်များ၊ ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်ကြပါသည်။ စေတီပုထိုးများ၏ ထိပ်ဆုံး၌ ထီးတော်များကို အမြတ်ဆုံးအရာ၊ အမြင့်ဆုံး ပုဂ္ဂိုလ်များအား ကိုယ်စားပြုသည်ဟု မှတ်ယူသောကြောင့် အထူးအလေးအမြတ်ထား တင်လှူပူဇော်ကြပါသည်။ စေတီတော်အကြီးအသေး၊ ဉာဏ်တော်အနိမ့်အမြင့်ကို အခြေခံကာ ထီးတော်အရွယ်အစားများ သတ်မှတ်ပြီး တင့်တယ်ကြည်ညိုဖွယ် ဖြစ်စေရန် တင်လှူကြပါသည်။ စေတီတော်များ၏ အထွတ်၌ တင်လှူတော်မူသော ထီးတော်များ၏ ပြုလုပ်ပုံအဆင့်ဆင့်ကို သိရှိစေရန် ရည်ရွယ်၍ လေ့လာထားပါသည်။

## ၁.၁ စာတမ်းလေ့လာရခြင်း၏ ရည်ရွယ်ချက်

(၁) ဘုံ(၉)ဆင့်(မကိုဋ်)ထီးတော် ပြုလုပ်ရန်အတွက် လုအပ်သော သွင်းအားစုများကို လေ့လာသိရှိစေရန်။

(၂) ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ကိုးကွယ်ရာဖြစ်သော မြတ်ဗုဒ္ဓကိုယ်စား တည်ထား ကိုးကွယ်သော စေတီ၊ ပုထိုးများတွင် တင်လှူတော်မူသော ဘုံ(၉)ဆင့်(မကိုဋ်) ထီးတော် ပြုလုပ်ပုံအဆင့်ဆင့်အား လေ့လာသိရှိစေရန်။

## ၁.၂ စာတမ်းလေ့လာမှုပုံစံ

(၁) အချက်အလက်များရရန် မန္တလေးတိုင်းဒေသကြီး၊ ခမ်းမြသာစည်မြို့နယ် ပန်းဘဲတန်း ရပ်ကွက်ရှိ "ကျော်ကြီးနှင့်ညီများ" နိဗ္ဗာန်ကုန်လုပ်ငန်း၏ လုပ်ငန်းခွင်သို့သွားရောက် လေ့လာခြင်း။

(၂) ပုံကြမ်းရေးဆွဲသူနှင့် ထီးတော်ပြုလုပ်သူများအား ကိုယ်တိုင်မေးမြန်းခြင်းဖြင့်လေ့လာ ခြင်း။

(၃) ကုန်ကြမ်းစတီးပြားမှ ကုန်ချော(ထီးတော်) ပြုလုပ်ပုံဆင့်ဆင့်အား လေ့လာခြင်း။

(၄) ကုန်ကြမ်းမှာယူခြင်းနှင့် ကုန်ချောအဆင့်ဆင့် ထုတ်လုပ်ပုံကို လေ့လာခြင်း။

(၅) ဘုံ(၉)ဆင့်(မကိုဋ်) ထီးတော်ပြုလုပ်မနှင့် ရောင်းချမှုကို စနစ်တကျ လေ့လာခဲ့ ပါသည်။

## ၂ နောက်ခံသမိုင်း

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်အားလျော်စွာ ကုသိုလ်ရေး ဆောင်ရွက်ရာတွင် စေတီပုထိုးများအား တည်ထားကိုးကွယ်ကြပြီး စေတီများ၏အထွတ်၌ ထီးတော်များ တင်လှူခြင်းဖြင့် ကုသိုလ်ယူကြပါသည်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့၏ ဓါတ်တော်များဌာပနာ၍ စေတီတည်ထားပြီး အထွတ်တွင် ထီးဆောင်းထားပါသည်။ သာသနိကဆိုင်ရာ အဆောက်အဦတွင် အထွတအမြတ်နှင့် အဆင်တန်ဆာအဖြစ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်သုံးရာကျော်တွင် အသောကမင်းကြီး၏ကောင်းမှု ဆံချီစေတီတော်တွင်လည်းကောင်း၊ ဘီစီ(၂)ရာစုတွင် အိန္ဒိယကာရ်လိဂူထဲမှ ထူပါးတွင်လည်းကောင်း၊ စေတီများ၏အထွတ်တွင် ထီးတောများမှာ အလွှာလိုက်အဆင့်ဆင့်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။


မြန်မာနိုင်ငံတွင် အစောဆုံး တည်ထားကိုးကွယ်သော စေတီတော်မှာ သိင်္ဂုတ္တကုန်းတော်ပေါ်ရှိ ရွှေတိဂုံ(တိဂုံပ)စေတီတော်ဖြစ်သည်။ မူလရွှေတိဂုံစေတီတော်တွင် ထီးတော်ပါရှိသည်/မပါရှိသည်ကို အတိအကျမသိခဲ့ရပါ။ ထီးတော်ပါရှိမည်ဟု ယုံကြည်ထိုက်ပါသည်။ မည်သို့သော ထီးတော်ဖြစ်မည်ကိုမူ မခန့်မှန်းနိုင်ပါ။

မြန်မာနိုင်ငံတွင် အစောဆုံးထီးမှာ သရေခေတ္တရာ၊ ပျူတို့၏ ဌာပနာဖုံးကျောက်ပြားရုပ်ကြွစေတီ၌ တွေ့ရှိရပြီး ထီးအဆင့်ဆင့်တွင် ထီးရွက်(၅)ရွက်ပါရှိ၍ ငွေပြားထီးရွက်များ ဖြင့် အဆင်တန်ဆာ ပြုလုပ်ပူဇော်ခဲ့ကြသည်ဟု လေ့လာသိရှိရပါသည်။

ပုဂံခေတ်အခါသမယတွင်မူ စေတီပုထုးများတွင် ဖောင်းရစ်ဟူသော စေတီ၏အစိတ်အပိုင်း ပေါ်ပေါက်လာပါသည်။ ယင်းဖောင်းရစ်သည်ပင် စေတီ၏ထီးတော်ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ ထီးတော်များကို “ဆတ္တဝလိ” (ထီးအဆင့်ဆင့်) ဟုခေါ်ပါသည်။

ပင်းယ၊ အင်းဝခေတ်သို့ ရောက်ရှိလာရာတွင် စေတီပုထိုးများ၏ ဖောင်းရစ်ပုံသဏ္ဍာန်မှုတဆင့်တး၍ သံထီးတော်များဖြင့် ထပ်ဆင့်တန်ဆာဆင် ပြုလုပ်ထားသည်ကို လေ့လာသိရှိရပါသည်။ ညောင်ရမ်းခေတ်တွင်မူ သံထီးတော်များကို လှပစွာ တန်ဆာဆင်ပြုလုပ်လာကြပါသည်။

(၁၉၉၀)နောက်ပိုင်းတွင်မူ လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်များကြောင့် သံထီးတော်များထက် ပိုမိုခိုင်ခံ့သော စတီးထီးတော်များကို ပြောင်းလဲပြုလုပ်လာကြပါသည်။



ပုံ(က) ကျောက်ပြားပုံထီးတော် နှင့် ဖောင်းရစ်ပုံထီးတော်

# ၃ ဘုံ(၉)ဆင့်(မကိုဋ်) ထီးတော်ပြုလုပ်ရန် လိုအပ်သော သွင်းအားစုများအား လေ့လာခြင်း

## ၃.၁ လပ်သားအင်အားအခြေအနေ

ကျော်ကြီးနှင့်ညီများ နိဗ္ဗာန်ကုန်လုပ်ငန်းသည် မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းဖြစ်သောကြောင့် အနည်းဆုံးလူဦးရေ(၄)ဦး (သို့မဟုတ်) (၅)ဦးဖြင့်လည်း လုပ်ကိုင်နိုင်ပါသည်။ ထိုလူဦးရေဖြင့် လုပ်ကိုင်လျှင် ထီးအကြီး(၄၂)လက်မ တစ်ဆူကို သုံးရက်နှင့်အပြီး လုပ်ဆောင်နိုင်ပြီး ထီးလက်မအသေးများကို တစ်ရက်လျှင် အနည်းဆုံး နှစ်ဆူမှ လေးဆူထိ ပြီးစီးနိုင်ပါသည်။ တစ်ဦးသည် စတီးပြားပေါ်တွင် ပုံများရေးဆွဲပြီး သုံးဦးသည် ထုရိုက် ပုံဖော်ရပါသည်။ လုပ်သားဦးရေများလျှင် လုပ်ငန်းသည် ပို၍တွင်ကျယ်ပါသည။ ပုံရေးဆွဲသူ တစ်ဦးလျှင် (၅၀၀၀/-)နှုန်းဖြင့်လည်းကောင်း၊ ထုရိုက်ပုံဖော်သ တစ်ဦးလျှင် အနည်းဆုံး(၃၅၀၀/-)မှ (၅၀၀၀/-)နှုန်းထိလည်းကောင်း ငွေးရမးရပါသည်။

## ၃.၂ အသုံးပြုသောပစ္စည်းကိရိယာများ

စတီးပြား၊ တူ၊ စို့၊ ပေကွဲ၊ ပေတံုး၊ ပေခံ၊ လိုက်တံုး၊ သံမှို၊ သံဖြတ်ကတ်ကြေး၊ ပလာယာ၊ ဂွေ၊ ဂေါက်တံ၊ ခါးစက်၊ ချိုးစက်၊ သံလုံးတို့ဖြစ်ပါသည်။ ကုန်ကြမ်းပစ္စည်းများအား မန္တလေးမြို့ နေရာအသီးသီးတွင် ဝယ်ယူနိုင်ပါသည်။ စတီးပြားများသည် တရုတ်ပြည် မှ တင်သွင်းခြင်းဖြစ်သည်။

## ၃.၃ ထးတော်တင်လှူရန် လိုအပ်သောကိရိယာများ

ဘုံ(၉)ဆင့်ထိ ပြုလုပ်မှုပြီးစီးလျှင် ထီးကိရိယာများဖြစ်သော ဆပ်သွားဖူး၊ ဟသ်ာ၊ စိန်ပန်းခိုင်(၃)ခု၊ ငှက်မြတ်နား၊ စိန်ဖူးကလပ်နှင့် နယား(၄)ခုတို့အား ထီးတွင် တပ်ဆင်ရပါသည်။ အောက်ဆုံးဘုံ၏ အောက်ဆုံးတန်းတွင် ဆည်းလည်း ချိတ်ဆွဲရန် ပုစွန်ထုပ်ပုံ အလုံးလေးများ တပ်ဆင်ပြုလုပ်ပြီးလျှင် ဘုံ(၉)ဆင့်(မကိုဋ်)ထီး တစ်ဆူလုံး၏အင်္ဂါရပ် ပြီးမြောက်ပါသည်။



ပုံ(ခ)–ဆပ်သွားဖူး



ပုံ(ဂ)–စိန်ပန်းခိုင်



ပုံ(ဃ)–စိန်ဖူးကလပ်



ပုံ(င)–ဟင်္သာ



ပုံ(စ)–ငှက်မြတ်နား



ပုံ(ဆ)–ညောင်ရွက်



ပုံ(ဇ)–နယား

## ၃.၄ လုပ်ငန်း၏မတည်ရင်းနှီးငွေ

“ကျော်ကြီးနှင့်ညီများ” နိဗ္ဗာန်ကုန်လုပ်ငန်းသည် ဘိုးဘွားစဉ်ဆက် လုပ်ကိုင်ခဲ့သော လုပ်ငန်းတစ်ခုဖြစ်ပြီး ကိုကျော်မြင့်ခိုင်နှင့်ညီများ၏လက်ထက် (၂၀၀၃)ခုနှစ်တွင် မတည်ရင်းနှီးငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပြီး ယခုအခါ ရင်းနှီးမြုပ်နှံငွေသည် ကျပ်သိန်း(၃၀၀)ခန့် ရှိပါသည်။

# ၄ ဘုံ(၉)ဆင့်(မကိုဋ်)ထီးတော် ပြုလုပ်မှုအဆင့်ဆင့်အား လေ့လာခြင်း

## ၄.၁ ဘုံ(၉)ဆင့်(မကိုဋ်)ထီးတော် ပြုလုပ်မှုအဆင့်ဆင့်

(၈ပေ× ၄ပေ)စတီးပြားပေါ်တွင် လိုအပ်သောပုံများဖြစ်သော သူကြီး၊ မုခ်၊ မှန်ကင်း၊ ဘီလား၊ ဖောင်းကြိုး၊ ကြာဖတ်၊ ဖလား၊ ဟသ်ာ၊ ငှက်မြတ်နား၊ စိန်ပန်းခိုင်၊ နယား၊ ညောင်ရွက်၊ စိန်ဖူးကလပ်ပုံများ ရေးဆွဲကြပါသည်။ ရေးဆွဲထားသော ပုံများအား သံဖြတ်ကတ်ကြေးဖြင့်ဖြတ်၍ စို့နှင့်တူတို့ဖြင့် ထုလုပ်ကြပါသည်။ ထုရိုက်ပြီးသော ကိရိယာများအား စို့၊ တူ၊ ငွေတို့ဖြင့် စို့စာချရပါသည်။



ပုံ(ဈ) လိုအပ်သောပုံများရေးဆွဲနေပုံ



ပုံ(ည) ရေးဆွဲထားသောပုံများအား ထုဆစ်ပုံဖော်နေပုံ

## ၄.၂ ဘုံ(၉)ဆင့်(မကိုဋ်)ထီးတော်မှ ပထမဘုံ(အောက်ဆုံးဘုံ) ပြုလုပ်မှုအဆင့်ဆင့်

အောက်ဆုံးဘုံ ပြုလုပ်ရာတွင် ဘီးလားကြိုးနှင့်တန်းသည် မိမိပြုလုပ်လိုသည့် ထီးလက်မ၏(၃)ပြန်နှင့် သာတန်းရှိရမည် ဖြစ်ပါသည်။ သာတန်းဆိုသည်မှာ ထီးလက်မ၏(ခြောက်ပုံတစ်ပုံ)ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဥပမာ–တစ်ပေထီးတစ်ဆူ ပြုလုပ်မည်ဆိုလျှင် ဘီလားကြိုးနှင့်တန်း၏ အရှည်သည် သုံးပေနှင့်နှစ်လက်မ ရှိရမည်ဖြစ်ပါသည်။ ဘီလားကြိုးနှင့်တန်းအား ပန်းများနှင့်တွဲ၍ အကွက်ရိုက် ပုံဖော်ပြီး မခ်(၄)ခုနှင့် သူကြီးများဖြင့် တပ်ဆင်တန်ဆာဆင်ကြသည်။ ပန်းနှင့်သူကြီး အရေအတွက်သည် ထီးအရွယ်အစားပေါ် မူတည်၍ အရေအတွက် ကွာခြားမည်ဖြစ်ပါသည်။ မုခ်အရေအတွက်သည် မည်သည့် ထီးအရွယ်အစားတွင်မဆို (၄)ခုပါရမည်ဖြစ်ပါသည်။ မုခ်များတွင် ဘုရားဆင်းတုတော်များ ထည့်သွင်းပူဇော်ရန် မုခ်အိမ်ပြုလုပ်ရပြီး မှန်ကင်းတိုင် တပ်ဆင်ရပါသည်။ တန်ဆာဆင်မပြီးစီးလျှင် ထီးကိုအဝိုင်းပုံဖြစ်စေရန် ခွေရပါသည်။ ခွေထားသောထီးအား တောင့်တင်း ခိုင်မာစေရန်အတွက

ထီးလက်တပ်ဆင်ရပါသည်။ ဖလားနှင့်ကြာဖတ်အား ပန်းကွက်တစ်ကွက်စီတွင် တပ်ဆင် တန်ဆာဆင‌ပြီးလျှင် အောက်ဆုံးဘုံ၏ အင်္ဂါရပ်ပြီးစီးပါသည်။



ပုံ(ဋ)ဘီလားကြိုးနှင့်တန်းကို ပန်းဖြင့်တပ်ဆင်ထားပုံ



ပုံ(ဌ) သူကြီး



ပုံ(ဍ) မှန်



ပုံ(ဎ) - တန်း



ပုံ(ဏ) - ဘီလား



ပုံ(တ) - ပန်း



ပုံ(ထ) - ဖောင်းကြိုးတပ်ဆင်ပြီးပုံ



ပုံ(ဒ) - ကြာဖတ်တပ်ဆင်ပြီးပုံ



ပုံ(ဓ)–ဖလားတပ်ဆင်ပြီးပုံ



ပုံ(န)–ပထမဘုံပြီးစီးပုံ

## ၄.၃ ဒုတိယဘုံပြုလုပ်မှုအဆင့်ဆင့်

ဒုတိယဘုံပြုလုပ်ရာတွင် ကြိုးနှင့်တန်း၏အရှည်သည် ပထမဘုံရှိ ကြိုးနှင့်တန်း၏ အရှည်အောက် သုံးပုံတစ်ပုံ လျော့၍ပြုလုပ်ရမည်ဖြစ်ပါသည်။ ၎င်းကြိုးနှင့်တန်းအား မှုခ်နှင့် သူကြီးတို့ဖြင့်တွဲစပ်၍ တန်ဆာဆင်ပါသည်။ ပထမဘုံကဲ့သို့ ပန်းမပါရှိပါ။ တန်ဆာဆင် ပြီးသောထီးအား ထီးတော်ဖြစ်စေရန် ခွေရပါသည်။ ခွေထားသောထီးအား တောင့်တင်း ခိုင်မာစေရန် ဖောင်းစီးရပြီး ထးလက်တပ်ဆင်ရပါသည်။ မှုခ်များတွင် ဘုရားဆင်းတုတော် များ ထည့်သွင်းပူဇော်ရန် မှုခ်အိမ်များ ပြုလုပ်ပြီး မှန်ကင်းတိုင်များ တပ်ဆင်ရပါသည်။ တပ်ဆင်တနဆာဆင်ပြီးလျှင် ဒုတိယဘုံ၏အင်္ဂါရပ် ပြီးစီးပါသည်။



ပုံ(ပ)–ကြိုး



ပုံ(ဖ)–မှန်ကင်းတိုင်



ပုံ(ဗ)–ကြိုးနှင့် တန်းအား မှုခ်၊ သူကြီးတို့ဖြင့် တွဲစပ်ထားပုံ



ပုံ(ဘ)–ဒုတိယဘုံအင်္ဂါရပ်ပြီးစီးပုံ

## ၄.၄ တတိယဘုံမှနဝမဘုံထိပြုလုပ်မှုအဆင့်ဆင့်

တတိယဘုံ၊ စတုတ္ထဘုံနှင့် ပဥ္စမဘုံတို့၏ပြုလုပ်မှု အဆင့်ဆင့်သည် ဒုတိယဘုံ၏ ပြုလုပ်မှုအဆင့်တိုင်းပင် ကြိုးနှင့်တန်းအား မုခ်၊ သူကြီးနှင့် တွဲစပ်တန်ဆာဆင်ခြင်း ဖြစ်ပါသည်။ ဆဋ္ဌမဘုံနှင့် သတ္တမဘုံ ပြုလုပ်ရာတွင် ကြိုးနှင့်တန်းအား မုခ်(၄)ခုနှင့်သာ တွဲစပ်တန်ဆာဆင်ပါသည်။ အဋ္ဌမဘုံနှင့်နဝမဘုံ ပြုလုပ်မှုတွင် မုခ်မပါရှိဘဲ သူကြီးများကို ကြိုးနှင့်တန်းဖြင့် တပ်ဆင်တန်ဆာဆင်ရပါသည်။ တန်ဆာဆင်ထားသော ထီးများအား ထီးတော်ဖြစ်စေရန် ခွေရပြီး တောင့်တင်းခိုင်မာစေရန် ထီးလက်များ တပ်ဆင်ရပါသည်။ ဘုံတစ်ဆင့်စီ၏ အချင်းသည် အောက်မှအထက်သို့ သုံးပုံတစ်ပုံ လျော့နည်းသွား မည်ဖြစ်ပါသည်။



**ပုံ(မ)–တတိယဘုံအင်္ဂါရပ်ပြီးစီးမှု**



ပုံ(ယ)–စတုတ္ထဘုံအင်္ဂါရပ်ပြီးစီးမှု



ပုံ(ရ)–ပဥ္စမဘုံနှင့် ဆဋ္ဌမဘုံ
အင်္ဂါရပ်ပြီးစီးမှု



ပုံ(လ)–သတ္တမဘုံ၊ အဋ္ဌမဘုံနှင့်
နဝမဘုံအင်္ဂါရပ်ပြီးစီးမှု



ပုံ(ဝ)–ပထမဘုံမှ နဝမဘုံထိ
ထီးအင်္ဂါရပ်ပြီးစီးပုံ

## ၅ ထီးအရွယ်အစားအလိုက် ပါရှိသော ပစ္စည်းများအားလေ့လာခြင်း

ထီးအရွယ်အစားအလိုက် ပါရှိသောပစ္စည်းများကို အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း လေ့လာရပါသည်။

### ၅.၁ ထီးလက်မအရွယ်အစားအလိုက် ပါရှိသောပစ္စည်းများအား လေ့လာခြင်း

ထီးလက်မအရွယ်အစားအလိုက် ပါရသောပစ္စည်းများ အရေအတွက်ပြဇယား

| စဉ် | ထီးလက်မအရွယ်အစား | ပန်း | သူကြီး | မုခ် | ဖလား | ကြာဖတ် |
|---|---|---|---|---|---|---|
| ၁ | ၁၈″ မှ ၂၁″ ထိ | ၁၂ | ၂၀ | ၄ | ၆ | ၆ |
| ၂ | ၂၄″ မှ ၂၇″ ထိ | ၁၄ | ၂၀ | ၄ | ၇ | ၇ |
| ၃ | ၃၀″ မှ ၄၈″ ထိ | ၁၆ | ၂၀ | ၄ | ၈ | ၈ |
| ၄ | ၄၈″ နှင့် အထက် | ၁၈ | ၂၀ | ၄ | ၉ | ၉ |

ရင်းမြစ်။ ။"ကျော်ကြီးနှင့်ညီများ" နိဗ္ဗာန်ကုန်လုပ်ငန်းမှ မေးမြန်းချက်များ

မှတ်ချက်။ ။ထီးအစိပ်အကျဲပေါ်မူတည်၍ သူကြီးပါရှိမှု ကွာခြားမည် ဖြစ်ပါသည်။

၁၈လက်မမှ ၂၁လက်မ အရွယ် ထီးတော်များတွင် ပန်း(၁၂)ခု၊ သူကြီး(၂၀)ခု၊ မုခ်(၄)ခု၊ ဖလား(၆)ခုနှင့် ကြာဖတ်(၆)ခုတို့ပါရှိပါသည်။ ၂၄လက်မမှ ၂၇လက်မအရွယ် ထီးတော်များတွင် ပန်း(၁၄)ခု၊ သူကြီး(၂၀)ခု၊ မုခ်(၄)ခု၊ ဖလား(၇)ခုနှင့် ကြာဖတ်(၇)ခုတို့ပါရှိပါသည်။ လက်မ ၃၀မှ ၄၈လက်မအရွယ် ထီးတော်များတွင် ပန်း(၁၆)ခု၊ သူကြီး(၂၀)ခု၊ မုခ်(၄)ခု၊ ဖလား(၈)ခုနှင့် ကြာဖတ(၈)ခု တို့ပါရှိပါသည်။ ၄၈လက်မအထက် ထီးတော်များတွင် ပန်း(၁၈)ခု၊ သူကြီး(၂၀)ခု၊ မုခ်(၄)ခု၊ ဖလား(၉)ခုနှင့် ကြာဖတ်(၉)ခုတို့ပါရှိပါသည်။

## ၅.၂ (၄၂)လက်မအရွယ် ဘုံ(၉)ဆင(မကိုင်း)ထီးတော် တစ်ဆူတွင် ပါရှိသောပစ္စည်း များအားလေ့လာခြင်း

(၄၂)လက်မအရွယ် ဘုံ(၉)ဆင့်(မကိုင်း) ထီးတော်တစ်ဆူတွင် ပါရှိသောပစ္စည်းများ အရေအတွက်ပြဇယား

| စဉ် | ဘုံအဆင့်ဆင့် | ပန်း | သူကြီး | မှုခ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ပထမဘုံ | ၁၆ | ၂၀ | ၄ | ဖလား(၈)လုံးနှင့် ကြာဖတ်(၈)ခု ပါရှိပါသည်။ |
| ၂ | ဒုတိယဘုံ | – | ၁၆ | ၄ | |
| ၃ | တတိယဘုံ | – | ၁၂ | ၄ | |
| ၄ | စတုတ္ထဘုံ | – | ၈ | ၄ | |
| ၅ | ပဥ္စမဘုံ | – | ၄ | ၄ | |
| ၆ | ဆဋ္ဌမဘုံ | – | – | ၄ | |
| ၇ | သတ္တမဘုံ | – | – | ၄ | |
| ၈ | အဋ္ဌမဘုံ | – | ၄ | – | |
| ၉ | နဝမဘုံ | – | ၄ | – | |

ရင်းမြစ်။ ။"ကျော်ကြီးနှင့်ညီများ" နိဗ္ဗာန်ကုန်လုပ်ငန်းမှ မေးမြန်းချက်များ

၄၂လက်မအရွယ် ထီးတော်တစ်ဆူ ပြုလုပ်ရာတွင် ပထမဘုံဖြစ်သော အောက်ဆုံးဘုံတွင် ပန်း(၁၆)ခု၊ သူကြီး(၂၀)ခု၊ မှုခ်(၄)ခု၊ ဖလား(၈)ခုနှင့် ကြာဖတ်(၈)ခုတို့ပါရှိပါသည်။ ဒုတိယဘုံတွင် သူကြီး(၁၆)ခုနှင့် မှုခ်(၄)ခုတို့သာပါရှိ၍ ပန်း၊ ဖလားနှင့် ကြာဖတ်တို့မပါရှိပါ။ တတိယဘုံတွင် သူကြီး(၁၂)ခုနှင့် မှုခ်(၄)ခု ၊ စတုတ္ထဘုံတွင် သူကြီး(၈)ခုနှင့် မှုခ်(၄)ခု၊ ပဥ္စမဘုံတွင် သူကြီး(၄)ခုနှင့် မှုခ်(၄)ခု၊ ဆဋ္ဌမဘုံနှင့် သတ္တမဘုံ မှုခ်(၄)ခုသာပါရှိ၍ အဋ္ဌမဘုံနှင့်နဝမဘုံတို့တွင် သူကြီး(၄)ခုသာ ပါရှိပါသည်။

## ၆ ဈေးနှုန်းသတ်မှတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း

### ၆.၁ ဘုံ(၉)ဆင့်(မကိုဋ္ဌ) ထီးတော်များ၏ ထီးတော်အရွယ်အစားအလိုက် ဈေးနှုန်းများအား လေ့လာခြင်း

ဘုံ(၉)ဆင့်(မကိုဋ္ဌ)ထီးတော်များ၏ ထီးတော်အရွယ်အစားအလိုက် ဈေးနှုန်းပြဇယား

| စဉ် | ထီးတော်အရွယ်အစား | ထီးတော်တစ်ဆူ၏ဈေးနှုန်း |
|---|---|---|
| ၁ | ၁၈ လက်မ | ၁၅၀၀၀၀ |
| ၂ | ၂၁ လက်မ | ၂၀၀၀၀၀ |
| ၃ | ၂၄ လက်မ | ၂၅၀၀၀၀ |
| ၄ | ၂၇ လက်မ | ၃၀၀၀၀၀ |
| ၅ | ၃၀ လက်မ | ၃၅၀၀၀၀ |
| ၆ | ၃၆ လက်မ | ၄၀၀၀၀၀ |
| ၇ | ၄၂ လက်မ | ၅၀၀၀၀၀ |
| ၈ | ၄၈ လက်မ | ၇၀၀၀၀၀ |

ရင်းမြစ်။ ။"ကျော်ကြီးနှင့်ညီများ" နိဗ္ဗာန်ကုန်လုပ်ငန်းမှ မေးမြန်းချက်များ

ထီးတော်များကို ဈေးနှုန်းသတ်မှတ်ရာတွင် အများဆုံးမှာယူသော ထီးတော်များ၏ ဈေးနှုန်းများကို အထက်ပါဇယားတွင် ဖော်ပြထားခြင်းဖြစ်ပါသည်။ ထီး၏ပုံသဏ္ဌာန်နှင့် အရွယ်အစားအပေါ်လိုက်၍ ဈေးနှုန်းအပြောင်းအလဲ ရှိပါသည်။

### ၆.၂ ဖြန့်ဖြူးရောင်းချခြင်း

ဖြန့်ဖြူးရောင်းချရာတွင် မဟာမြတ်မုနိဘုရားကြီးရှိ ကုန်သည်များထံသို့လည်းကောင်း၊ နယ်မှမှာယူသော ကုန်သည်များထံသို့လည်းကောင်း ကားများဖြင့် ပို့ဆောင်ပေးလျက်ရှိပါသည်။ ငွေပေးချေမှုများကို လုပ်ဆောင်ရာတွင် ဘဏ်မှတဆင့် ပေးချေနိုင်ပါသည်။ အမှာစာ လက်ခံရာတွင် ဖုန်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မှာယူနိုင်ပါသည်။ ကုသိုလ်ရှင် (သို့မဟုတ်) အလှူရှင်များ တိုက်ရိုက်မှာယူသော ထီးတော်များကို ကုသိုလ်ရှင်ဘက်မှ မိမိတို့၏ အစီအစဉ်ဖြင့် အခမ်းအနားများဖြင့် လာရောက် ပင့်ဆောင်ခြင်းလည်းရှိပါသည်။ တစ်ခါတစ်ရံ အလှူရှင်များ မှာယူသော ထီးတော်များကို လိုင်းကားဖြင့် ပို့ဆောင်ပေးရခြင်းလည်းရှိပါသည်။

## နိဂုံး

ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးအများစုသည် ဗုဒ္ဓဘာသာများဖြစ်သောကြောင့် ကုသိုလ်ရေးကို အလေးပေး ဆောင်ရွက်ကြပါသည်။ ထိုသို့ကုသိုလ်ရေး ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၌ တည်ထားကိုးကွယ်သော စေတီ၊ ပုထိုးများတွင် ထီးတော်များအား တင်လှူ၍ ကုသိုလ်ယူကြသည်။ ထို့ကြောင့် ထီးတော်ပြုလုပ်သည့် နိဗ္ဗာန်ကုန်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် မတိမ်ကော မပပျောက်သင့်ရန် လိုအပ်သော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထီးတော်ပြုလုပ်သည့် လုပ်ငန်းသည် လက်မှုလုပ်ငန်းတစ်ရပ် ဖြစ်သောကြောင့် မျိုးဆက်သစ်လူငယ်များအား ပညာအမွေ လက်ဆင့်ကမ်းနိုင်သော လုပ်ငန်းလည်းဖြစ်ပါသည်။ ကုန်ကြမ်းစတီးပြားမှ ရရှိလာသော စတီးအပိုင်းအစများအား ပြန်လည်ရောင်းချနိုင်သဖြင့် အလေအလွင့် မရှိစေဘဲ အပိုဝင်ငွေရရှိနိုင်သော လုပ်ငန်းဖြစသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်သာ တွေ့ရသည့် လုပ်ငန်းဖြစ်သောကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ကုန်ကြမ်းစတီးပြားသည် တရုတ်ပြည်မှ တင်သွင်းခြင်းဖြစ်သောကြောင့် ရံဖန်ရံခါ ကုန်ကြမ်းပြတ်လပ်မှုရှိပါသည်။ ဖြတ်တောက်ထားသော စတီးအပိုင်းအစများသည် ထိရှလွယ်သောကြောင့် ဂရုတစိုက်လုပ်ကိုင်ရပြီး လုပ်ငန်းခွင်သိမ်းလျှင် အမှုန်အစများ မကျန်အောင် သေချာရှင်းလင်းမှု ပြုလုပ်ရပါသည်။ နိဗ္ဗာန်ကုန်လုပ်ငန်းသည် စိတ်ထားတတ်လျှင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် မြတ်ဗုဒ္ဓ၏အဆုံးအမ၌ လိုက်နာကျင့်သုံးကြသူများဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓကိုယ်စား စေတီတော်များ၊ ရုပ်ပွားဆင်းတုတော်များ တည်ထားကိုးကွယ်သော အလေ့အထရှိကြပါသည်။ ယင်းစေတီ၊ ပုထိုးများ၌ ထီးတော်များ တင်လှူပူဇော်ခြင်းသည် ယနေ့တိုင် မြန်မာလမျိုးတို့၏ အမွန်မြတ်ဆုံးသော အလှူတစ်မျိုးဖြစ်သည်။ ထီးတော်ကို စေတီတော်များ၏ အထွတ်အမြတ်အဖြစ် တင်လှူပူဇော်ခြင်း၊ မြတ်စွာဘုရားကိုယ်စားပြု အမှတ်လက္ခဏာအဖြစ် တင်လှူပူဇော်ခြင်းနှင့် စေတီပုထိုးများ၏ အဆင်တန်ဆာအဖြစ် တင်လှူပူဇော်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် တင်လှူပူဇော်ကြပါသည်။ မြတ်ဗုဒ္ဓကိုယ်စား တည်ထားကိုးကွယ်သော စေတီတော်များ၏အထွတ်၌ အမြင့်မြတ်ဆုံးသောအရာအဖြစ် တင်လှူတော်မူသော ထီးတော်များပြုလုပ်သည့် နိဗ္ဗာန်ကုန်လုပ်ငန်းကို မတိမ်ကော မပပျောက်စေရန် ပြုလုပ်သူများက သားသမီး (သို့မဟုတ်) မျိုးဆက်သစ်လူငယ်များအား ပညာအမွေ လက်ဆင့်ကမ်းသင့်ပါသည်။

## ကျမ်းကိုးစာရင်း

(၁) သမိုင်းမတင်မီ သမိုင်းတင်ခေတ်ဦး ပုဂံခေတ်နှင့်ညောင်ရမ်းခေတ်ဆိုင်ရာ သုတေသန စာတမ်းများ(၂၀၁၃)

(ဦးမျိုးညွန့် (ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ ရှေးဟောင်းသုတေသန၊ ပုဂံ)

(၂) စေတီများအဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်း(၂၀၁၀)

(ဦးဝင်းမောင်၊ တမ္ပဝတီ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# သမဝါယမဦးစီးဌာန

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း)

## တက္ကသိုလ်(၅)နှစ်ပြည့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်

## “ကျောက်ကြီးနှင့်ညီများ နိဗ္ဗာန်ကုန်လုပ်ငန်းမှဘုံ(၉)ဆင့် ထီးတော်ပြုလုပ်ပုံ အဆင့်ဆင့်အားလေ့လာတင်ပြခြင်း”

စာတမ်းပြုစုသူ

ဒေါ်ပြည့်ဖြိုးမွန်

နည်းပြ

သင်္ချာဌာန

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်